# ပထမပုဂ္ဂလိကဘဏ်လီမိတက်

(အများနှင့် သက်ဆိုင်သောကုမ္ပဏီ)



The Bank We Trust

(၂၆) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့

တင်သွင်းသည့်

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၂၇)ရက် (တနင်္ဂနွေနေ့)

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၂၆)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့
## တင်ပြသည့်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်တည်ထောင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်အောက်တိုဘာလမှ၂၀၁၇ခုနှစ်ထိဘဏ်လုပ်ငန်းလုပ်ကိုင်ခဲ့သည့်သက်တမ်းမှာ (၂၆)နှစ်တွင်းသို့ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ဘဏ်ဒါရိုက်တာအဖွဲ့မှ အစုရှင်များကို နှစ်စဉ်ဘဏ်လုပ်ငန်းတိုးတက်အောင်မြင်မှု အားသာချက်၊အားနည်းချက်များကိုဓမ္မဓိဌာန်ကျကျ ဆန်းစစ် ဝေဖန် အကြံဉာဏ်များပေးနိုင်ရန် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကိုတင်ပြပါသည်။အစုရှင်များမှဖတ်ရှုလေ့လာပြီးအကြံဉာဏ်ပေးရန်နှင့် အတည်ပြုပေးရန် ဖြစ်ပါသည်။

## ၂၀၁၆–၂၀၁၇ဘဏ္ဍာရေးနှစ်လုပ်ငန်းတိုးတက်မှုအခြေအနေ

ပထမပုဂ္ဂလိကဘဏ်သည်အများပြည်သူ၏ယုံကြည်မှုခိုင်မာလာခြင်းကြောင့် ဘဏ်လုပ်ငန်းများတိုးတက်အောင်မြင်၍ထည့်ဝင်ပြီးမတည်ငွေရင်းများ၊အပ်ငွေများ၊ ချေးငွေများနှင့်အမြတ်ငွေများ တိုးတက်ရရှိခဲ့ပြီးနှစ်စဉ်အမြတ်ဝေစုများကိုခွဲဝေပေးနိုင်ခဲ့ပါသည်။အပ်ငွေမှာ (၃၁. ၃. ၂၀၁၆)နေ့တွင်**ကျပ် ၁၅၁,၀၇၀. ၂၀သန်း**မှ(၃၁. ၃. ၂၀၁၇)နေ့တွင် **ကျပ် ၁၆၅,၆၆၂. ၆၀သန်း** ထိတိုးတက်ခဲ့ပြီး ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေမှာ **ကျပ် ၁၄၃,၁၀၃. ၀၀သန်း** မှ**ကျပ် ၁၅၇,၉၄၈. ၁၁သန်း**ထိ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။အသားတင်အမြတ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၈,၅၄၉. ၃၄သန်း**ရှိခဲ့ပြီး၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ်၈,၆၃၂. ၉၈သန်း** ရရှိခဲ့ပါသည်။၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်နိုင်ငံတော်သို့ ဝင်ငွေခွန် **ကျပ်၂,၁၅၈. ၁၉သန်း**ပေးဆောင်ခဲ့ပါသည်။အစုရှင်များကိုအမြတ်ဝေစု ခွဲဝေပေးမှုမှာ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် **ကျပ်၄,၃၂၀သန်း** ရှိခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၄,၉၄၄. ၁၁သန်း**ခွဲဝေပေးလျှက်ရှိသဖြင့်**(၁၄. ၄၅)ရာခိုင်နှုန်း** တိုးမြင့်ပေးနိုင်ခဲ့ပါသည်။အစုရှယ်ယာတစ်စုလျှင် **ကျပ်၂၀၀၀** ခွဲဝေပေးနိုင်ခဲ့ပါသည်။ဘဏ်လုပ်ငန်းတိုးတက်မှုအခြေအနေများ နှိုင်းယှဉ်ချက်ကိုဇယား(၁)တွင်အကျဉ်းချုပ်၍ ဖော်ပြထားပါသည်။

**ဇယား – ၁ –**

**လုပ်ငန်းတိုးတက်မှုအခြေအနေ နှိုင်းယှဉ်ချက်**

| အကြောင်းအရာ | | ၂၀၁၅–၂၀၁၆ | ၂၀၁၆–၂၀၁၇ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၅၁,၀၇၀. ၂၀ | ၁၆၅,၆၆၂. ၆၀ | ၉. ၆၆ |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၄၃,၁၀၃. ၀၀ | ၁၅၇,၉၄၈. ၁၁ | ၁၀. ၃၇ |
| ၃။ အသားတင်အမြတ် | (ကျပ်သန်း) | ၈,၅၄၉. ၃၄ | ၈,၆၃၂. ၉၈ | ၀. ၉၈ |
| ၄။ အမြတ်ခွန် | (ကျပ်သန်း) | ၂,၁၃၇. ၂၀ | ၂,၁၅၈. ၁၉ | ၀. ၉၈ |
| ၅။ **အမြတ်ခွဲဝေမှု** | (ကျပ်သန်း) | **၄,၃၂၀. ၀၀** | **၄,၉၄၄. ၁၁** | **၁၄. ၄၅** |
| ၆။ အစုရှယ်ယာအရေအတွက် | (အစု) | ၂,၃၆၆,၁၉၄ | ၂,၄၇၂,၀၅၃ | ၄. ၄၇ |
| ၇။ အစုရှယ်ယာရောင်းရငွေ | (ကျပ်သန်း) | ၂၃,၆၆၁. ၉၄ | ၂၄,၇၂၀. ၅၃ | ၄. ၄၇ |
| ၈။ အစုရှယ်ယာရှင်ဦးရေ | (ဦးရေ) | ၇,၇၂၈ | ၈,၄၃၃ | ၉. ၁၂ |
| ၉။ အစုရှယ်ယာတစ်စုတန်ဖိုး | (ကျပ်) | ၂၁,၉၈၄. ၃၈ | ၂၃,၂၈၉. ၃၄ | ၅. ၉၄ |
| ၁၀။အစုရှယ်ယာတစ်စုအတွက် အသားတင်အမြတ် | (ကျပ်) | ၂,၇၁၀ | ၂,၆၁၉ | -၃. ၃၅ |
| ၁၁။ရုံးချုပ်/ဘဏ်ခွဲများ | (ခုရေ) | ၃၂ | ၃၄ | ၂ ခု |
| ၁၂။ဝန်ထမ်းဦးရေ | (ဦးရေ) | ၆၀၆ | ၆၂၀ | ၁၄ယောက် |
| ၁၃။ဘဏ်ပိုင်မြေနှင့်အဆောက်အဦ | (ခုရေ) | ၄၀ | ၄၀ | |

## ဘဏ်ခွင့်ပြုမတည်ငွေရင်းများတိုးမြှင့်ခြင်း

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင်ခွင့်ပြုမတည်ငွေရင်း (Authorized Capital) ကျပ် **သန်း(၁,၀၀၀)** ဖြင့်မတည်ခဲ့ရာ(၄-၁၀-၁၉၉၉)နေ့တွင်ကျပ် **သန်း(၂,၀၀၀)** ၊(၁-၇-၂၀၀၅)နေ့တွင်ကျပ် **သန်း(၅,၀၀၀)** ၊ (၇-၁-၂၀၀၈)နေ့တွင်ကျပ်**သန်း (၁၀,၀၀၀)**၊ (၂၁-၁-၂၀၁၁)နေ့တွင်ကျပ်**သန်း(၃၀,၀၀၀)**နှင့် (၁၄-၃-၂၀၁၄)နေ့တွင် ကျပ် **သန်း(၁၀၀,၀၀၀)** ထိအဆင့်ဆင့်တိုးမြှင့်ခဲ့ပါသည်။ခွင့်ပြုမတည်ငွေရင်း **ကျပ် သန်း (၁၀၀,၀၀၀)**အနက်(၃၁-၃-၂၀၁၇)နေ့အထိ အစုရှယ်ယာများရောင်းချရငွေ(Paid up Capital)မှာ **ကျပ် သန်း (၂၄,၇၂၀. ၅၃ )**ရှိပါသည်။

## အစုရှယ်ယာဈေးနှုန်းများ တိုးမြှင့်ရောင်းချခဲ့ခြင်း

၁၉၉၂ခုနှစ်ဘဏ်စတင်ဖွင့်လှစ်စဉ်ကဘဏ်အစုရှယ်ယာတစ်စုလျှင်ရောင်းဈေး **ကျပ်၁၀,၀၀၀** ဖြင့် သတ်မှတ်ရောင်းချခဲ့ပြီး ဘဏ်အမြတ်ငွေများနှစ်စဉ်တိုးတက်ခဲ့၍အစုရှယ်ယာရောင်းဈေးများကိုတစ်ဖြည်းဖြည်းတိုးမြှင့်ရောင်းချခဲ့ပါသည်။အောက်ပါဇယားတွင်ရှယ်ယာရောင်းချသည့်ဈေးနှုန်းရောင်းချသည့်အစုအရေအတွက်နှင့်ရောင်းချထားသည့် ရာခိုင်နှုန်းများအသေးစိတ်ကိုဖော်ပြထားပါသည်။

| | ခုနှစ် | ရှယ်ယာရောင်းဈေး(ကျပ်) | အရေအတွက်(စု) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ၁၉၉၂ မှ ၁၉၉၄ | ၁၀,၀၀၀ | ၂၀,၅၆၆ | ၀. ၈၃ |
| ၂။ | ၁၉၉၅ မှ ၁၉၉၉ | ၁၁,၀၀၀ | ၃၂,၁၄၄ | ၁. ၃၀ |
| ၃။ | ၁၉၉၉ မှ ၂၀၀၆ | ၁၂,၀၀၀ | ၂၇၇,၅၈၄ | ၁၁. ၂၃ |
| ၄။ | ၂၀၀၆ မှ ၂၀၀၇ | ၁၃,၀၀၀ | ၉၁,၂၃၈ | ၃. ၆၉ |
| ၅။ | ၂၀၀၇ မှ ၂၀၀၈ | ၁၄,၀၀၀ | ၇၈,၄၆၈ | ၃. ၁၇ |
| ၆။ | ၂၀၀၈ မှ ၂၀၁၂ | ၁၅,၀၀၀ | ၄၅၉,၈၃၉ | ၁၈. ၆၀ |
| ၇။ | ၂၀၁၂ မှ ၂၀၁၃ | ၁၇,၀၀၀ | ၅၉၆,၁၄၁ | ၂၄. ၁၂ |
| ၈။ | ၂၀၁၃ မှ ၂၀၁၄ | ၁၈,၀၀၀ | ၂၈၆,၀၃၈ | ၁၁. ၅၇ |
| ၉။ | ၂၀၁၄ မှ ၂၀၁၅ | ၁၉,၀၀၀ | ၁၅၁,၉၂၁ | ၆. ၁၅ |
| ၁၀။ | ၂၀၁၅ မှ ၂၀၁၆ | ၂၀၀၀၀ | ၁၈၉,၃၂၄ | ၇. ၆၆ |
| ၁၁။ | ၂၀၁၆ မှ ၂၀၁၇ | ၂၅,၀၀၀ | ၂၀၇,၁၉၄ | ၈. ၃၈ |
| ၁၂။ | ၂၀၁၆ မှ၂၀၁၇ | ၃၀,၀၀၀ | ၈၁,၅၉၆ | ၃. ၃၀ |
| | **စုစုပေါင်း** | | **၂,၄၇၂,၀၅၃** | **၁၀၀** |

## အစုရှယ်ယာများတိုးလာခြင်းနှင့်ရှယ်ယာတန်ဖိုးတိုးတက်လာခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင်ရှယ်ယာဆုကြေး(Share Bonus)အပါအဝင် အစုရှယ်ယာအရေအတွက် **(၂,၃၆၆,၁၉၄)စု**တန်ဖိုးငွေ ကျပ် **၂၃,၆၆၁. ၉၄သန်း**ရှိပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ကုန် ၂၀၁၇ခုနှစ်မတ်လတွင် **(၂,၄၇၂,၀၅၃)စု**တန်ဖိုးငွေကျပ်**၂၄,၇၂၀. ၅၃သန်း**ထိတိုးတက်ခဲ့ပါသည်။တိုးလာသည့်အစုရှယ်ယာအရေအတွက်မှာ (၁၀၅,၈၅၉)စုဖြစ်ပြီး**(၄. ၄၇)ရာခိုင်နှုန်း**တိုးတက်ရောင်းချခဲ့ရပြီးအစုရှယ်ယာရှင်ဦးရေမှာ(၈,၄၃၃)ဦးဖြစ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်၏ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး (Book Value per Share) မှာ**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်၂၁,၉၈၄. ၃၈** ရှိပြီး **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၃,၂၈၉ . ၃၄** ရှိသည့်အတွက်**(၅. ၉၄%)တိုးတက်ခဲ့ပါသည်။**

အစုတစ်စုတန်ဖိုး(Value per Share)ကိုတွက်ချက်ရာတွင် ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ကာလတန်ဖိုးများတိုးလာခြင်းကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။ဘဏ်လက်ဝယ်ရှိငွေသားကိုသာထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။ဘဏ်မှဝယ်ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ အသားတင်တိုးလာသည့်တန်ဖိုး **ကျပ် ၂၅,၁၆၆. ၀၃ သန်း ကို ထည့်သွင်းတွက်ချက်ပါက (၃၁-၃-၂၀၁၇) နေ့တွင်အစုရှယ်ယာတစ်စုတန်ဖိုးမှာ ကျပ် ၃၃,၄၇၀ရှိပါသည်။**

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ကုန် တွင် အစုရှယ်ယာ**(၂,၄၇၂,၀၅၃)စု**တန်ဖိုးငွေ**ကျပ် ၂၄,၇၂၀. ၅၃သန်း** ရှိပြီးအစုရှယ်ယာရှင်ဦးရေမှာ**(၈,၄၃၃)ဦး**ဖြစ်ပါသည်။ အစုရှင်များမှအစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေများကိုဇယား (၂ )တွင်ဖော်ပြထားပါသည်။

**ဇယား( –၂–)**

**အစုရှယ်ယာပိုင်ဆိုင်မှုအမျိုးအစား**

| | ရှယ်ယာအုပ်စု အမျိုးအစား | ရှယ်ယာရှင် အရေအတွက်(ဦးရေ) | ရှယ်ယာ အရေအတွက်(စု) | တန်ဖိုး (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ၁ -၁၀ စု | ၄,၀၂၃ | ၁၅,၃၂၄ | ၁၅၃. ၂၄ | ၀. ၆၂ |
| ၂။ | ၁၁ -၁၀၀ | ၂,၈၅၉ | ၉၆,၄၀၃ | ၉၆၄. ၀၃ | ၃. ၉၀ |
| ၃။ | ၁၀၁- ၁၀၀၀ | ၁,၁၄၀ | ၃၆၄,၂၀၄ | ၃,၆၄၂. ၀၄ | ၁၄. ၇၃ |
| ၄။ | ၁၀၀၁-၁၀၀၀၀ | ၃၅၇ | ၉၆၀,၆၉၄ | ၉,၆၀၆. ၉၄ | ၃၈. ၈၇ |
| ၅။ | ၁၀၀၀၀ အထက် | ၅၄ | ၁,၀၃၅,၄၂၈ | ၁၀,၃၅၄. ၂၈ | ၄၁. ၈၈ |
| | **စုစုပေါင်း** | **၈,၄၃၃** | **၂,၄၇၂,၀၅၃** | **၂၄,၇၂၀. ၅၃** | **၁၀၀** |

## အစုရှင်များ၏ ရပိုင်ခွင့်များတိုးတက်လာခြင်း

အစုရှင်များ၏ရပိုင်ခွင့်များမှာ(၃၁-၃-၂၀၁၆)နေ့တွင် **ကျပ် ၅၂,၀၁၉. ၃၁သန်း**ရှိပြီး၊(၃၁-၃-၂၀၁၇)နေ့တွင် **ကျပ် ၅၇,၅၇၂. ၄၈သန်း**ရှိသောကြောင့် **(၁၀. ၆၇)ရာခိုင်နှုန်း**တိုးတက်ခဲ့ပါသည်။အစုရှင်များ၏ရပိုင်ခွင့်များတိုးတက်မှုကို ဇယား(၃)တွင်နှိုင်းယှဥ်ဖော်ပြထားပါသည်။

**ဇယား( –၃–)**

**အစုရှင်များ၏ ရပိုင်ခွင့်များတိုးတက်လာခြင်း**

**(ကျပ် သန်း)**

| | **၂၀၁၅–၂၀၁၆** | **၂၀၁၆–၂၀၁၇** | **တိုးတက်မှု %** |
|---|---|---|---|
| ၁။ထည့်ဝင်ပြီးအစုရှယ်ယာ | ၂၃,၆၆၀. ၉၄ | ၂၄,၇၂၀. ၅၃ | ၄. ၄၇ |
| ၂။ရှယ်ယာပရီမီယံ | ၉,၈၅၂. ၁၉ | ၁၁,၈၄၆. ၁၂ | ၂၀. ၂၄ |
| ၃။အထွေထွေသီးသန့်ငွေ | ၁၀,၃၂၇. ၇၉ | ၁၁,၉၄၆. ၄၃ | ၁၅. ၆၇ |
| ၄။ကြွေးဆုံးရန်ပုံငွေ | ၂,၈၆၂. ၀၆ | ၃,၁၅၈. ၉၆ | ၁၀. ၃၇ |
| ၅။အရေးပေါ်သီးသန့်ရန်ပုံငွေ | ၂၀၁. ၄၀ | ၂၅၁. ၇၃ | ၂၄. ၉၉ |
| ၆။အခြားရန်ပုံငွေများ | ၂၈၈. ၁၂ | ၃၈၈. ၁၂ | ၃၄. ၇၁ |
| ၇။အမြတ်ဝေစုလျာထားငွေ | ၄,၃၂၀. ၀၀ | ၄,၅၅၉. ၀၃ | ၅. ၅၃ |
| ၈။မခွဲဝေရသေးသောအမြတ်လက်ကျန် | ၅၀၅. ၈၁ | ၇၀၁. ၅၆ | ၃၈. ၇၀ |
| **စုစုပေါင်းအစုရှယ်ယာရှင်များ၏ရပိုင်ခွင့်** | **၅၂၀၁၉. ၃၁** | **၅၇၅၇၂. ၄၈** | **၁၀. ၆၈** |
| ၉။ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ အသားတင်တိုးလာသည့်တန်ဖိုး | **၂၄,၂၇၃. ၂၅** | **၂၅,၁၆၆. ၀၃** | **၃. ၆၈** |
| **စုစုပေါင်းအစုရှယ်ယာရှင်များ၏ရပိုင်ခွင့်** | **၇၆,၂၉၂. ၅၆** | **၈၂,၇၃၈. ၅၁** | **၈. ၄၅** |
| **ရောင်းချပြီးအစုရှယ်ယာအရေအတွက်(စု)** | **၂,၃၆၆,၁၉၄** | **၂,၄၇၂,၀၅၃** | **၄. ၄၇** |
| **အစုတစ်စုတန်ဖိုး(ကျပ်)** | **၃၂,၂၄၃** | **၃၃,၄၇၀** | **၃. ၈၁** |

## အမြတ်ဝေစုများခွဲဝေပေးခြင်း

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင်အမြတ်ဝေစု **ကျပ်သန်း ၄,၃၂၀** ခွဲဝေပေးခဲ့ပြီး၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အမြတ်ဝေစု **ကျပ်သန်း ၄,၉၄၄. ၁၁** ခွဲဝေပေးခဲ့ပါသည်။ အစုရှယ်ယာ တစ်စုလျှင် ရရှိသည့် အမြတ်ဝေစုမှာ **ကျပ်၂၀၀၀** ဖြစ်၍ မူလရောင်းဈေး **ကျပ်၁၀၀၀၀** ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ်**(၂၀)ရာခိုင်နှုန်း**ရရှိပြီး**ကျပ် ၂၀၀၀၀**ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ်**(၁၀)ရာခိုင်နှုန်း**ရရ၍**ကျပ် ၂၅၀၀၀** ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ် **(၈) ရာခိုင်နှုန်း**နှင့် **ကျပ်၃၀၀၀၀** ဖြင့်ဝယ်ယူထားသည့်အစုရှယ်ယာတစ်စုလျှင်အမြတ် **(၆. ၆၇) ရာခိုင်နှုန်း** ရရှိခဲ့ပါသည်။

## အမြတ်ဝေစုများခွဲဝေထုတ်ပေးခြင်း

အစုရှင်များကို၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုကိုကျပ်**သန်း၄,၉၄၄. ၁၁**ခွဲဝေပေးခဲ့ပါသည်။၁၉၉၃-၁၉၉၄ဘဏ္ဍာရေးနှစ်မှ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အမြတ်ဝေစု(၂၄)ကြိမ်ခွဲဝေပေးခဲ့ပြီး ခွဲဝေပေးခဲ့သည့် အမြတ်ဝေစု စုစုပေါင်းမှာ **ကျပ်၃၂,၀၂၀. ၉၄သန်း** ဖြစ်ပါသည်။(၃၁-၃-၂၀၁၇)နေ့အထိ အစုရှယ်ယာများရောင်းချရငွေ(Paid up Capital)မှာ **ကျပ် သန်း(၂၄,၇၂၀. ၅၃** )သာရှိ၍ခွဲဝေပြီးသည့်အမြတ်ဝေစု စုစုပေါင်းမှာ ရှယ်ယာများရောင်းချရငွေထက် **ကျပ် သန်း(၇,၃၀၀)**ပိုများပါသည်။

(၂၀-၁၁ -၂၀၁၆) နေ့တွင် ကျင်းပခဲ့သော(၂၅)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုများကိုအစုရှင်များအား(၁-၆-၂၀၁၇)နေ့မှစ၍ ခွဲဝေထုတ်ပေးလျှက်ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်မှရန်ကုန်စတော့အိပ်ချိန်း(YSX)၌စာရင်းဝင်ကုမ္ပဏီ(Listed Company)အဖြစ်မှတ်ပုံထားပြီးဖြစ်၍Securities Account ဖွင့်လှစ်ထားသည့်အစုရှင်များစာရင်းမှအမြတ်ဝေစုခွဲဝေပေးရမည့်အစုရှယ်ယာများကို (၁၈-၂-၂၀၁၇)နေ့တွင်ကျင်းပသည့် ၂/ ၂၀၁၇ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၁၇ခုနှစ်မတ်လ(၃၁)ရက် (၃၁-၃-၂၀၁၇)နေ့အရောင်းအဝယ်ပိတ်သိမ်းချိန်တွင် အစုရှယ်ယာပိုင်ဆိုင်ထားသူများကိုသာအမြတ်ဝေစုခွဲဝေပေးမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ပါသည်။**ရန်ကုန်စတော့အိတ်ချိန်း၏သတ်မှတ်ချက်အရ (၅-၄-၂၀၁၇)နေ့စွဲဖြင့်အတည်ပြုပေးပို့သည့်အစုရှင်စာရင်းကိုအတည်ယူပြီးအမြတ်ဝေစုများကိုခွဲဝေပေးခဲ့ပါသည်။**

အစုရှင်များကို၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်အမြတ်ဝေစုများကိုထုတ်ပေးနိုင်ရန်ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်နှင့်ဘဏ်ခွဲများတွင်ငွေစာရင်းများလာရောက်ဖွင့်လှစ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ၊(၁-၆-၂၀၁၇)နေ့မှစ၍ အစုရှင်များ၏ငွေစာရင်းများသို့ထည့်သွင်းပေးခဲ့ပါသည်။(၁၅-၇-၂၀၁၇)နေ့ထိငွေစာရင်းလာရောက်မဖွင့်လှစ်ရသေးသူ(၁၈၃၄)ဦးရှိပြီးထုတ်ပေးရန်ကျန်သည့်အမြတ်ဝေစုမှာ**ကျပ်သန်း၂၀၄. ၁၈**ရှိပါသည်။သို့ပါ၍အစုရှင်များမှအမြတ်ဝေစုများအမြန်ဆုံး လာရောက်ထုတ်ယူနိုင်ရန်အတွက်ငွေစာရင်းများ လာရောက်ဖွင့်လှစ်ပေးကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

## နိုင်ငံတော်သို့ဝင်ငွေခွန်ထမ်းဆောင်ခြင်း

နှစ်စဉ်နိုင်ငံတော်သို့ဝင်ငွေခွန်များကိုတိတိကျကျမှန်ကန်စွာပေးဆောင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်အခွန်မနှုတ်မီအသားတင်အမြတ်မှာ**ကျပ် ၈,၆၃၂. ၉၈သန်း**ရရှိခဲ့ပါသည်။ နိုင်ငံတော်သို့ဝင်ငွေခွန် **ကျပ်၂,၁၅၈. ၁၉သန်း**ပေးဆောင်ခဲ့ပါသည်။ပထမပုဂ္ဂလိကဘဏ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြန်မာတစ်နိုင်ငံလုံးတွင်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်**အဆင့်(၁၄)**ရှိပြီး၊ ဘဏ်များအနက်**အဆင့်( ၅ )**ရရှိခဲ့ပါသည်။ ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ထမ်းဆောင်ခဲ့သည့် ဝင်ငွေခွန်စုစုပေါင်းမှာ **ကျပ် သန်း၁၇,၆၂၁. ၅၀** ဖြစ်ပါသည်။၁၉၉၂-၁၉၉၃မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အထိ ရရှိခဲ့သည့် အမြတ်ငွေပေးဆောင်ခဲ့သည့်ဝင်ငွေခွန်နှင့်ခွဲဝေပေးခဲ့သည့်အမြတ်ဝေစုများကိုဇယား( ၄ )တွင်ဖော်ပြထားပါသည်။

ဇယား(-၄-)

အမြတ်၊အမြတ်ဝေစု နှင့်ဝင်ငွေခွန်ပေးဆောင်မှုနှိုင်းယှဉ်ချက်

(ကျပ် သန်း)

| ဘဏ္ဍာရေးနှစ် | အမြတ်ငွေ | ဝင်ငွေခွန် | အမြတ်ဝေစု |
|---|---|---|---|
| ၁။ ၁၉၉၂-၁၉၉၃မှ ၂၀၁၂-၂၀၁၃ | ၃၁၄,၀၁ | ၉,၁၂၆ | ၁၄,၃၄၇ |
| ၂။ ၂၀၁၃-၂၀၁၄ | ၈,၀၄၈ | ၂,၀၁၁ | ၄,၀၀၀ |
| ၃။ ၂၀၁၄-၂၀၁၅ | ၈,၇၆၂ | ၂,၁၈၉ | ၄,၄၁၀ |
| ၄။ ၂၀၁၅-၂၀၁၆ | ၈,၅၄၉ | ၂,၁၃၇ | ၄,၃၂၀ |
| ၅။ ၂၀၁၆-၂၀၁၇ | ၈,၆၃၃ | ၂,၁၅၈ | ၄,၉၄၄ |
| **စုစုပေါင်း** | **၆၅,၃၉၃** | **၁၇,၆၂၁** | **၃၂,၀၂၁** |

## အစိုးရငွေတိုက်စာချုပ်များဝယ်ယူထားခြင်း

အစိုးရငွေတိုက်စာချုပ်များကိုဘဏ်အပ်ငွေအတိုးစရိတ်များအထိုက်အလျောက်ကာမိစေရန်နှင့်အတိုးဝင်ငွေရရှိစေရန် ရည်ရွယ်ပြီးဝယ်ယူရင်းနှီးမြှုပ်နှံခဲ့ပါသည်။(၃၁. ၃. ၂၀၁၇)နေ့တွင်ဘဏ်မှဝယ်ယူရင်းနှီးထားသည့်အစိုးရငွေတိုက်စာချုပ်ငွေပမာဏစုစုပေါင်းမှာ **ကျပ်၂၃,၀၀၀သန်း** ရှိပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်အစိုးရငွေတိုက်စာချုပ်မှရရှိသည့်အတိုးဝင်ငွေမှာ **ကျပ် ၂,၅၀၇. ၈၅သန်း**ဖြစ်ပါသည်။စုစုပေါင်းအတိုးဝင်ငွေ၏**(၁၂. ၆၄)ရာခိုင်နှုန်း** ရရှိခဲ့ပါသည်။

(၂၀-၉-၂၀၁၆ )နေ့မှစ၍မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှအစိုးရငွေချေးသက်သေခံလက်မှတ်များကိုဈေးပြိုင်စနစ်/လေလံစနစ်ဖြင့်ရောင်းချလျှက်ရှိရာငွေပိုငွေလျှံများရှိပါကလေလံတွင်ဝယ်ယူလျှက်ရှိပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်စာရင်းဝင်ခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့်(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှဒါရိုက်တာအဖွဲ့အားသင့်လျော်သည့်အချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင်မှတ်ပုံတင်စာရင်းဝင်ရန်လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည့်အတွက်(၇-၁၂-၂၀၁၅)နေ့၌ကျင်းပသည့် ဒါရိုက်တာအဖွဲ့မှ **အစုရှင်များငွေလိုလျှင်ငွေဖော်နိုင်ရန်နှင့်ရန်ကုန်စတော့အိတ်ချိန်းကိုတစ်ဖက်တစ်လမ်းမှပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ချက်များ**ဖြင့် ရန်ကုန်စတော့အိတ်ချိန်း(YSX)၌စာရင်းဝင်ရန် (၈-၁၂-၂၀၁၅)နေ့ကလျှောက်ထားခဲ့ပါသည်။လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် ဘဏ်၏ Financial Advisor အဖြစ် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(Myanmar Securities Exchange Centre, MSEC)ကို ခန့်ထားခဲ့ပါသည်။

ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင် စာရင်းဝင်(Listed)ကုမ္ပဏီအဖြစ် ဝင်ရောက်ရန် (၂၂-၉-၂၀၁၆)နေ့ကမှတ်ပုံတင်စာရင်းဝင်ရန်လျှောက်လွှာနှင့်အတူ အလားအလာညွှန်းစာတမ်း(Disclosure Document for Listing , DDL)ကိုတင်ပြခဲ့ပါသည်။ ရန်ကုန်စတော့အိတ်ချိန်း(YSX)မှသတ်မှတ်ထားသည့်လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်ခဲ့ပြီး **(၂၀-၁-၂၀၁၇)**နေ့မှစ၍ဘဏ်ရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။

ရန်ကုန်စတော့အိတ်ချိန်း တွင်အရောင်းအဝယ်ပြုလုပ်နိုင်ရန်ဘဏ်မှအစုရှယ်ယာတစ်စု၏အခြေခံရောင်းဈေးကို**ကျပ်၃၉၀၀၀** သတ်မှတ်ခဲ့ပါသည်။ (YSX)မှဈေးနှုန်းအတက်အကျကိုဘောင်ခတ်ထားရာအခြေခံဈေး၏**(+/- ၅၀၀၀ကျပ်)**ဖြစ်၍အမြင့်ဆုံးရောင်းဈေး **ကျပ်၄၄၀၀၀** နှင့်အနိမ့်ဆုံးရောင်းဈေး**ကျပ် ၃၄၀၀၀** ဖြင့်ဈေးအတက်အကျကိုထိန်းထားပါသည်။(၂၀-၁-၂၀၁၇)နေ့တွင်အစုရှယ်ယာများကိုစတင်အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ရှယ်ယာတစ်စုလျှင်**ကျပ် ၃၄၀၀၀** ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။

(၂၀-၁-၂၀၁၇)နေ့မှစ၍ရန်ကုန်စတော့အိတ်ချိန်း (YSX)တွင်အစုရှယ်ယာ စတင်အရောင်းအဝယ်ပြုလုပ်ခဲ့ရာ **အချို့အစုရှယ်ယာရှင်များမှ၎င်းတို့မူလဝယ်ယူထားသည့်ဈေးနှုန်းထက်ပိုပြီး အမြတ်ရရှိနေသည့်အတွက် အစုရှယ်ယာများထုတ်ရောင်းလာကြရာ ရောင်းသူများပြီးဝယ်သူနည်းသည့်အတွက် ဈေးကွက်၏သဘောတရား အရအစုရှယ်ယာဈေးနှုန်းမှာတဖြည်းဖြည်းကျဆင်းခဲ့ရပါသည်။**

ရန်ကုန်စတော့အိတ်ချိန်း တွင်ဘဏ်အစုရှယ်ယာများစတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့်(၂၀-၁-၂၀၁၇)နေ့မှစ၍(၃၀-၆-၂၀၁၇)နေ့ထိအရောင်းအဝယ်ဖြစ်သည့်ပမာဏ(Trade Volume) မှာအစုရှယ်ယာ( **၁၄၃,၇၉၇ စု** )ရှိပြီး ငွေပမာဏ **ကျပ် ၄,၄၁၆. ၆၅သန်း** ရှိပါသည်။

## နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

### နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ လိုင်စင်အမှတ် စီဘီအမ် အက်ဖ်အီးအမ်ဒီ ၈/၂၀၁၁(၂၄-၁၀-၂၀၁၁)နေ့စွဲဖြင့်နိုင်ငံခြားငွေ(Foreign-Currencies)များ**ဝယ်ယူ၊ရောင်းချ၊လဲလှယ်ပေးခွင့်လိုင်စင်(Money Changer Licence)**ကို ရရှိခဲ့ပါသည်။နိုင်ငံခြားငွေလဲလှယ်ရောင်းချရေးကောင်တာ (Money Changer Counter)များကိုရန်ကုန် ရုံးချုပ်၊ဘုရင့်နောင်၊မန္တလေး။မုံရွာ၊ပြည်၊ပခုက္ကူ၊မကွေး၊ထားဝယ်၊မြိတ်၊ကော့သောင်း၊အောင်ပန်း၊ မော်လမြိုင်၊ကလေး၊ တောင်ကြီး၊လွိုင်ကော်၊ သီရိရတနာ(မြောက်ဥက္ကလာပ)၊မန္တလေး လမ်း(၃၀) ၊သဃ်န်းကျွန်း၊ဘားအံနှင့်ဂန့်ဂေါ၊ဘုတလင်၊မင်းလှ ဘဏ်ခွဲများတွင်ဖွင့်လှစ်ထားရှိပြီးနိုင်ငံခြားငွေအမေရိကန်ဒေါ်လာ( USD ) စင်ကာပူဒေါ်လာ(SGD) နှင့်ယူရို( Euro ) ၊ထိုင်းဘတ်(THB)မလေးရှားရင်းဂစ်(MYR) များကိုဝယ်ယူရောင်းချလဲလှယ်ပေးလျှက်ရှိပါသည်။

### နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့်လိုင်စင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ**နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့်လိုင်စင်(Authorized Dealer Licence)**ကို လိုင်စင်အမှတ်စီဘီအမ်-အက်ဖ်အီးအမ်ဒီ-၉၃/၂၀၁၂ နေ့စွဲ(၂၄-၈-၂၀၁၂)ဖြင့်ခွင့်ပြုချက်ရရှိခဲ့ပါသည်။စာအမှတ်-၂၄၅၅/ ၁၅၈၇-ကက /၂၀၁၂-၂၀၁၃ နေ့စွဲ(၂-၁၀-၂၀၁၂) ဖြင့်ရရှိခဲ့၍ ရန်ကုန်ရုံးချုပ်တွင်(၂-၁၀-၂၀၁၂)နေ့မှစ၍နိုင်ငံခြားဘဏ်လုပ်ငန်းကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့သဖြင့်၊ရန်ကုန်ရုံးချုပ်တွင်(၂-၁၀-၂၀၁၂)နေ့မှစ၍နိုင်ငံခြားငွေစာရင်းရှင်စာရင်း (Foreign Currency Current Account)ဖွင့်ပေးခြင်း၊နိုင်ငံခြားသုံးငွေများလက်ခံခြင်း၊စာရင်းပြောင်းခြင်း(Account transfer)များဆောင်ရွက်ပေးလျှက်ရှိပါသည်။နိုင်ငံခြားအဆက်အသွယ်ဘဏ်များ(Correspondence Bank)နှင့်ချိတ်ဆက်၍ ပို့ကုန်/သွင်းကုန်လုပ်ငန်းငွေလွှဲစာတမ်း (Export&Import Letter of Credit) ၊ကြိုးမဲ့ကြေးနန်းဖြင့်ငွေလွှဲပေးပို့ခြင်း(Telegraphic Transfer)နှင့်နိုင်ငံခြားငွေလွှဲလုပ်ငန်း(Money Transfer service)ဆောင်ရွက်ခြင်းစသည့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများကိုဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

နိုင်ငံခြားအဆက်အသွယ်ဘဏ်များနှင့်ချိတ်ဆက်၍အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းနှင့်ကုန်သွယ်လုပ်ငန်းအတွက်ငွေကြေးဝန်ဆောင်မှုပေးနိုင်ရန်အဆက်အသွယ်ဘဏ်များ(Correspondence Banks)အဖြစ် United Over Sea Bank(UOB)(Singapore),OCBC Bank(Singapore,Hongkong,Shanghai,Bangkok,Korea),May Bank(Malaysia),First Commercial Bank(Taiwan),ICBC(Taiwan),United Bank of India,,Bank of Ayudhya (Thailand),Bank Asia (Bangladesh),E-Sun Bank(Taiwan),Krung Thai(Thailand),Sumitomo Mitsui Banking Corporation(Japan) Cathy United Bank(Taiwan) Busan Bank(Korea) စသည့်ဘဏ်များအပါအဝင် နိုင်ငံခြားအဆက်အသွယ်ဘဏ်(၂၅)ဘဏ်နှင့်ချိတ်ဆက်၍အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပါသည်။

**Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၂-၁၀-၂၀၁၂)နေ့စွဲဖြင့်ပထမပုဂ္ဂလိကဘဏ်နှင့်အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ ချိတ်ဆက်၍ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ငွေလွှဲလုပ်ငန်း(In bound Service)ဆောင်ရွက်ခွင့်ကိုရရှိခဲ့ပါသည်။ (၁၂-၁-၂၀၁၃)နေ့တွင် ဘဏ်နှင့် Western Union တို့သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ပြည်ပငွေလွှဲလုပ်ငန်းကို USA, UK,Canada, Australia, UAE, Japan, Singapore,Malaysia, Thailand,Korea နိုင်ငံများအပါအဝင် နိုင်ငံပေါင်း(၅၀)ကျော်မှ မြန်မာနိုင်ငံသို့တိုက်ရိုက် အချိန်တိုအတွင်း ငွေလွှဲများကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၆-၁-၂၀၁၆)နေ့စွဲဖြင့် မြန်မာနိုင်ငံမှ ပြည်ပသို့ငွေလွှဲလုပ်ငန်း (Outbound Service )ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့နိုင်ငံခြား ငွေလွှဲပေးပို့ခြင်းလုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်းမှရရှိသည့် ဝင်ငွေမှာ**ကျပ်၁၀၆. ၁၇သန်း**ရရှိခဲ့သဖြင့် **၂၇. ၃၅ရာခိုင်နှုန်း**တိုးတက်ခဲ့ပါသည်။၂၀၁၅-၂၀၁၆နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်နိုင်ငံခြားဘဏ်လုပ်ငန်း မှရရှိသည့်ဝင်ငွေများကိုဇယား( ၅ )တွင်နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား(-၅-)**

**နိုင်ငံခြားဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေများအခြေအနေ**

**(ကျပ် သန်း)**

| **ဝင်ငွေ** | **၂၀၁၅-၂၀၁၆** | **၂၀၁၆-၂၀၁၇** | **တိုးတက်မှု%** |
|---|---|---|---|
| ၁။နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်း | ၂၇၀. ၇၁ | ၁၉၃. ၁၆ | -၂၈. ၆၅ |
| ၂။ Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်း | ၈၃. ၃၇ | ၁၀၆. ၁၇ | ၂၇. ၃၅ |
| ၃။နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း | ၂၆. ၅၆ | ၂၃. ၈၄ | -၁၀. ၂၄ |
| ၄။ စာရင်းပြောင်းရောင်းရငွေ | ၁, ၀၇၈. ၀၂ | ၁, ၁၆၇. ၄၉ | ၈. ၃၀ |
| **စုစုပေါင်းဝင်ငွေ** | **၁, ၄၅၈. ၆၆** | **၁, ၄၉၀. ၆၆** | **၂. ၁၉** |

**Mykyat မိုဘိုင်းဘဏ်လုပ်ငန်း(MobileBanking)ဆောင်ရွက်နေမှုအခြေအနေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စာအမှတ်မဗဘ/ဘဏ်စိစစ်/ ဝန်ဆောင်မှု(၅၃/၂၀၁၄)(၃၀-၆-၂၀၁၄)ဖြင့် မိုဘိုင်းဘဏ်လုပ်ငန်း(Mobile Banking)ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်း (Mobile Banking)မှာ မိုဘိုင်းတယ်လီဖုန်းများဖြင့် မိုဘိုင်းကွန်ယက်ကိုအသုံးပြု၍ငွေကြေးဆိုင်ရာဝန်ဆောင်မှုများပေးခြင်းဖြစ်ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်း(Mobile Banking)ဝန်ဆောင်မှုများကို ပထမပုဂ္ဂလိကဘဏ်နှင့်Frontier Technology Partners Company Ltd.,(FTP) တို့ပူးပေါင်းပြီး ဂျာမဏီနည်းပညာကုမ္ပဏီ(SAP )၏ Application Platform ကို အသုံးပြု၍ **Mykyat** အမည်ဖြင့်ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

(၇-၅-၂၀၁၅)နေ့မှစ၍**Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကို မည်သည့်တယ်လီဖုန်းအမျိုးအစားများတွင်မဆို **My kyat Application** ကိုရယူ၍ မိုဘိုင်းဘဏ်စာရင်း (Mobile Banking Account)ဖွင့်လှစ်နိုင်ပြီး ၊ ငွေသွင်းခြင်း-ငွေထုတ်ခြင်း (Cash in-Cash out)၊ ငွေလွှဲခြင်း (Send Money) ၊ငွေတောင်းခံခြင်း(Request Money) လျှပ်စစ်မီတာဘီလ်/စည်ပင်သာယာဘီလ်များပေးဆောင်ခြင်း(Bill Payment) တယ်လီဖုန်းငွေဖြည့်ခြင်း(E-Top up) ၊ စာရင်းရှိငွေစစ်ဆေးခြင်း (Check Balance)လျှို့ဝှက်နံပါတ်ပြောင်းလဲခြင်းတို့ဆောင်ရွက်နိုင်ပါသည်။ **My kyat** နှင့်ချိတ်ဆက်ထားသည့်ဈေးဆိုင်များတွင်ဈေးဝယ်ယူခြင်း၊စားသောက်ဆိုင်များတွင်ငွေပေးချေခြင်းနှင့် Internet Games များဝယ်ယူခြင်း၊အဝေးပြေး မော်တော်ကားလက်မှတ်များ၊ ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်များဝယ်ယူခြင်းနှင့်online shopping များငွေပေးချေခြင်းကို**Mykyat**မိုဘိုင်းဘဏ်စနစ်(Mobile Payment )ဖြင့် ပေးချေနိုင်ပါသည်။

## မြန်မာ့စာတိုက်လုပ်ငန်းနှင့် Mykyatမိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုပူးပေါင်းဆောင်ရွက်ခြင်း။

ပထမပုဂ္ဂလိကဘဏ်၏ **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းနှင့်မြန်မာ့စာတိုက်လုပ်ငန်းတို့ပူးပေါင်း၍မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကိုတိုးချဲ့လုပ်ဆောင်ရန်မြန်မာ့စာတိုက်လုပ်ငန်းနှင့်(၁-၆-၂၀၁၇)နေ့ကစာချုပ်ချုပ်ဆိုခဲ့ပါသည်။မြန်မာစာတိုက်လုပ်ငန်းမှနေပြည်တော်အပါအဝင်တိုင်းနှင့်ပြည်နယ်(၁၅)ခုရှိမြို့နယ်စာတိုက်(၇၀၈)ခုတွင်မိုဘိုင်းဘဏ်ဝန်ဆောင်မှုပေးနိုင်ရန်အတွက်(၁၀-၆-၂၀၁၇)နေ့တွင်ရန်ကုန်တိုင်းမှ စာတိုက်ဝန်ထမ်း(၈၅ )ဦးနှင့်(၁၇-၆-၁၇)နေ့တွင်နေပြည်တော်နှင့်မန္တလေးတိုင်းတို့မှစာတိုက်ဝန်ထမ်း(၇၅ )ဦးတို့အားသင်တန်းများပေးပြီးဖြစ်ပါသည်။ကျန်ရှိသည့် စာတိုက်များမှဝန်ထမ်းများကိုသင်တန်းပေးနိုင်ရန်စီစဉ်လျှက်ရှိပါသည်။ မကြာမီ မြန်မာ့စာတိုက်လုပ်ငန်းနှင့် **Mykyat** မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုစတင်နိုင်ရန်စီစဉ်လျှက်ရှိပါသည်။

**My kyat** မိုဘိုင်းဘဏ်လုပ်ငန်းကို ပထမပုဂ္ဂလိကဘဏ်ခွဲများနှင့်ဘဏ်မှခန့်အပ်ထားသည့်ကိုယ်စားလှယ်(Agent)များမှတစ်ဆင့်ဆောင်ရွက်လျှက်ရှိရာ ၂၀၁၇ဇွန်လကုန် အထိ ကိုယ်စားလှယ်(Agent) (၂၈၅)ဦးဖြင့် ရန်ကုန်မြို့၊မန္တလေးမြို့၊ မုံရွာမြို့၊ ပခုက္ကူမြို့၊ ပြည်မြို့၊ ကျောက်ပန်းတောင်းမြို့၊ အောင်ပန်းမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ မြင်းခြံမြို့၊ ကသာမြို့၊ ကောလင်းမြို့၊တွံတေးပဲခူးမြို့၊အပါအဝင်ပြည်နယ်တိုင်းမြို့ကြီး(၁၆၀)ကျော်တို့တွင်မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုများပေးလျှက်ရှိပါသည်။ မိုဘိုင်း ဘဏ်လုပ်ငန်းကိုသုံးစွဲသူ(၁၄၇၄၄ )ဦးရှိပြီးစီးပွားရေးလုပ်ငန်းရှင်(၅၁)ဦးနှင့်ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။လျှပ်စစ်မီတာဘီလ်/စည်ပင်သာယာဘီလ်များပေးဆောင်ခြင်းကိုရန်ကုန်တိုင်းတွင်မြို့နယ်(၃၃)ခု၊ မန္တလေးတိုင်းတွင် မြို့နယ်(၇)ခု ၊ပဲခူးတိုင်းတွင်မြို့နယ်(၁၂)ခု နှင့် ဧရာဝတီတိုင်းတွင်မြို့နယ်(၁)ခုတွင်ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။**MPT** တယ်လီဖုန်းဘီလ်ပေးချေခြင်းကိုရန်ကုန်တိုင်းတွင်မြို့နယ်ပေါင်း(၃၃)ခုတွင်ဆောင်ရွက်ပေးလျှက်ရှိပါသည်။ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် **My kyat** မိုဘိုင်းဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေမှာ**ကျပ်၃၆. ၇၉သိန်း**ရရှိပြီးအသုံးစရိတ်မှာ**ကျပ် ၃၄၆. ၅၀သိန်း**ရှိပါသည်။ သို့ရာတွင်(Financial Inclusion)ငွေရေးကြေးရေးဝန်ဆောင်မှုကိုတောရောမြို့ပါပေးနိုင်ရန်အတွက်ဘဏ်မှ အရှုံးခံပြီးဆောင်ရွက်နေခြင်းဖြစ်ပါသည်။

## Core Banking အကောင်အထည်ဖော်မှုအခြေအနေ

ဘဏ်လုပ်ငန်းကိုကမ္ဘာ့အဆင့်မီကွန်ပျူတာနည်းပညာများကိုအသုံးပြုပြီး အင်တာနက်နှင့်ချိတ်ဆက်၍ခေတ်မီဘဏ်ဝန်ဆောင်မှုများခေတ်မီ Digital Banking အသွင်သို့ကူးပြောင်းနိုင်ရန် Core Banking Solution ကိုယူကေနိုင်ငံ၊လန်ဒန်မြို့တွင်အခြေစိုက်သည့်ကမ္ဘာ့တတိယအကြီးဆုံးငွေရေးကြေးရေးဆိုင်ရာနည်းပညာကုမ္ပဏီဖြစ်သော MISYS Financial Software ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ MISYS နည်းပညာကုမ္ပဏီနှင့်(၂၈-၂-၂၀၁၇)နေ့ကLicence Agreement စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် Service Agreement ကို(၁၅-၅-၂၀၁၇)နေ့တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

MISYS မှ (၁၅-၆-၂၀၁၇)နေ့မှစပြီး Core Banking ကိုစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်သင်တန်းများပေးလျှက်ရှိပါသည်။(၁၀-၇-၂၀၁၇)မှ(၂၉-၇-၂၀၁၇)နေ့ထိ Product Familiarization /Business Process Alignment Workshops Plan သင်တန်းများကိုပေးခဲ့ပါသည်။

ဘဏ်ရုံးချုပ်တွင် Core Banking စနစ်အား၂၀၁၈ ခုနှစ်မတ်လတွင် Go live လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကြိုးပမ်းလျှက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်းဘဏ်ခွဲများအားလုံးတွင် Core Banking စနစ်ကိုအသုံးပြုနိုင်ရန်ရည်မှန်းချက်ထားရှိဆောင်ရွက်လျှက်ရှိပါသည်။

## မြန်မာပေးမန့်ယူနီယံ(MPU)ရှယ်ယာဝယ်ယူခြင်း

ပထမပုဂ္ဂလိကဘဏ် ၆/၂၀၁၅ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ငွေပေးချေမှုစနစ်ကိုအဆင့်မြှင့်တင်ရန်နှင့်ဘဏ်ဖောက်သည်များကို Mobile Payment ဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာပေးမန့်ယူနီယံကုမ္ပဏီ(Myanmar Payment Union(MPU)တွင်အစုရှယ်ယာတစ်စုလျှင်ကျပ်၁၀,၀၀၀ဖြင့်အစုရှယ်ယာ၂၀,၀၀၀စုတန်ဖိုးကျပ် သန်း(၂၀၀)ဝယ်ယူရန်ဆုံးဖြတ်၍ (၂၃-၉-၂၀၁၅)နေ့ကဝယ်ယူခဲ့ပြီး(MPU)တွင်အဖွဲ့ဝင်ဖြစ်လာပါသည်။ဘဏ်မှ MPUနှင့်ချိတ်ဆက်ပြီး Mobile wallet နှင့် Credit Card /Debit Card များအသုံးပြုပြီး ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်လျှက်ရှိပါသည်။

## ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေများပိုမိုတိုးတက်ရရှိခဲ့ပါသည်။၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင်အပ်ငွေပမာဏမှာ **ကျပ် ၁၅၁,၀၇၀. ၂၀သန်း** ဖြစ်ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၆၅,၆၆၂. ၆၀သန်း** ထိတိုးတက်ခဲ့၍ ဘဏ်အပ်ငွေစုစုပေါင်းမှာ **(၉. ၆၆)ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေအတိုးမှာ**ကျပ် ၁၁,၇၂၈. ၀၄သန်း** ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၂,၈၇၈. ၁၀သန်း**ထိ အတိုးစရိတ်များမြင့်တက်လာခဲ့ပါသည်။စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများ၏အခြေအနေကို ဇယား(၆)တွင်ဖော်ပြထားပါသည်။

**ဇယား -၆-**

**စာရင်းအမျိုးအစားအလိုက်ဘဏ်အပ်ငွေများ**

**(ကျပ် သန်း)**

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | တိုးတက်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ | ၁၀,၃၂၅. ၄၉ | ၁၃,၇၂၀. ၅၆ | ၃၂. ၈၉ |
| ၂။ | ငွေစုဘဏ်အပ်ငွေ | ၉၃,၀၆၂. ၃၃ | ၉၅,၁၄၅. ၁၇ | ၂. ၂၄ |
| ၃။ | စာရင်းသေအပ်ငွေ | ၄၅,၇၂၂. ၆၃ | ၅၃,၅၃၃. ၁၈ | ၁၇. ၀၈ |
| ၄။ | ခေါ်ယူအပ်နှံငွေ | ၁,၈၈၇. ၇၄ | ၃,၁၅၀. ၀၈ | ၆၆. ၈၇ |
| ၅။ | Mobile Money | ၇၂. ၀၁ | ၁၁၂. ၆၁ | ၅၆. ၃၈ |
| | **စုစုပေါင်း** | **၁၅၁,၀၇၀. ၂၀** | **၁၆၅,၆၆၂. ၆၀** | **၉. ၆၆** |

## ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ချေးငွေလုပ်ငန်းအခြေအနေ

### ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေများ

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ **ကျပ် ၁၄၃,၁၀၃. ၀၀ သန်း** ရှိပြီး၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁၅၇,၉၄၈. ၁၁ သန်း**ရှိ၍ **ကျပ်၁၄,၈၄၅. ၁၁သန်း** တိုးခဲ့သဖြင့် စုစုပေါင်းချေးငွေမှာ**(၁၀. ၃၇)ရာခိုင်နှုန်း**တိုးတက်ခဲ့ပါသည်။ ချေးငွေထုတ်ချေးထားသည့်အာမခံအမျိုးအစားများ၊ချေးငွေပမာဏနှင့်လူဦးရေကိုဇယား( ၇)တွင်ဖော်ပြထားပါသည်။

**ဇယား -၇-**

**အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ**

| အာမခံအမျိုးအစား | ၂၀၁၅-၂၀၁၆ ဦးရေ | ၂၀၁၅-၂၀၁၆ ကျပ်(သန်း) | ၂၀၁၆-၂၀၁၇ ဦးရေ | ၂၀၁၆-၂၀၁၇ ကျပ်(သန်း) |
|---|---|---|---|---|
| ၁။ မြေနှင့်အဆောက်အဦ | ၈၉၁ | ၁၄၂,၈၈၂. ၆၃ | ၉၃၇ | ၁၅၇,၅၁၃. ၂၀ |
| ၂။ စာရင်းသေအပ်ငွေ | ၃၅ | ၄၇. ၂၀ | ၂၇ | ၃၀. ၅၀ |
| ၃။ ရွှေနှင့်ကျောက်မျက်ရတနာ | ၈ | ၂၉. ၉၀ | ၆ | ၂၀. ၀၃ |
| ၄။ အငှားဝယ် | ၄၀ | ၁၄၃. ၂၇ | ၂၂ | ၃၈၂. ၃၈ |
| **စုစုပေါင်း** | **၉၇၄** | **၁၄၃,၁၀၃. ၀၀** | **၉၉၂** | **၁၅၇,၉၄၈. ၁၁** |

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်စီးပွားရေးကဏ္ဍအလိုက် ချေးငွေများကို ဇယား ( ၈ )တွင်နှိုင်းယှဉ် ဖော်ပြထားပါသည်။

**ဇယား – ၈ –**

**စီးပွားရေးကဏ္ဍအလိုက်ထုတ်ချေးငွေများ**

**( ကျပ်သန်း )**

| **စီးပွားရေးကဏ္ဍ** | **၂၀၁၅–၂၀၁၆** | **၂၀၁၆–၂၀၁၇** | **တိုးတက်မှုရာခိုင်နှုန်း** |
|---|---|---|---|
| ၁။ကုန်ထုတ်လုပ်မှုချေးငွေ | ၂၄,၅၅၀. ၇၃ | ၂၉,၂၈၃. ၈၉ | ၁၉. ၂၈ |
| ၂။ကုန်သွယ်မှု | ၈၃,၄၂၆. ဝ၆ | ၈၆,၃၈၂. ၅၁ | ၃. ၅၄ |
| ၃။ဝန်ဆောင်မှု | ၃၅,၁၂၆. ၂၁ | ၄၂,၂၈၁. ၇၁ | ၂၀. ၃၇ |
| **စုစုပေါင်း** | **၁၄၃,၁၀၃. ၀၀** | **၁၅၇,၉၄၈. ၁၁** | **၁၀. ၃၇** |

## ကြွေးဆုံးရန်ပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အရ စုစုပေါင်းချေးငွေပမာဏ၏(၂%)ကို ချေးငွေ ကြွေးဆုံး ရန်ပုံငွေအဖြစ် နှစ်စဉ်လျာထားခဲ့ရပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် (၃၁-၃-၂၀၁၇)နေ့အထိ ကြွေးဆုံးရန်ပုံငွေ လျာထားငွေ စုစုပေါင်းမှာ**ကျပ်သန်း(၃,၁၅၈. ၉၆)**ရှိပါသည်။ပြည်ဘဏ်ခွဲမှတရားစွဲဆိုထားသည့်ချေးငွေကြွေးကျန် ကျပ်(၄၇၂. ၄၅)သိန်းကို( ၃၁-၃-၂၀၁၆)နေ့ကစာရင်းမှပယ်ဖျက်ခဲ့ပါသည်။ သို့ရာတွင်တရားရုံးမှ အာမခံပစ္စည်းကို လေလံတင်ရောင်းချလျှက်ရှိရာလေလံအောင်ပြီးပါကဝင်ငွေအဖြစ်ပြန်လည်ရရှိမည်ဖြစ်ပါသည်။စာရင်းအရ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တွင်ချေးငွေကြွေးကျန်မရှိကြောင်းတင်ပြပါသည်။

## ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်ချုပ်အရှုံး–အမြတ်အခြေအနေ

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ရငွေစုစုပေါင်းမှာ **ကျပ် ၂၂,၆၄၆. ၁၉သန်း** ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၂၃,၉၀၃. ၅၄သန်း**ထိ တိုးတက်ခဲ့၍ ရငွေစုစုပေါင်းမှာ**(၅. ၅၅)ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။ ရငွေများတိုးတက်လာသကဲ့သို့ အတိုးစရိတ်အပါအဝင် အသုံးစရိတ်များလည်း တိုးမြင့်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်အတိုးစရိတ်အပါအဝင်အသုံးစရိတ်စုစုပေါင်းမှာ **ကျပ်၁၄,၀၉၆. ၈၅သန်း** ရှိပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ်၁၅,၂၇၀. ၅၆သန်း** ထိတိုးမြင့်ခဲ့၍အသုံးစရိတ်စုစုပေါင်းမှာ **(၈. ၃၃)ရာခိုင်နှုန်း** တိုးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်အခွန်မနုတ်မီအမြတ်မှာ**ကျပ်၈,၅၄၉. ၃၄သန်း** ရရှိပြီး၊၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် **ကျပ်၈,၆၃၂. ၉၈သန်း** ရရှိခဲ့သောကြောင့် **အမြတ်မှာ (၀. ၉၈)ရာခိုင်နှုန်း** တိုးခဲ့ပါသည်။

**ဇယား – ၅ –**

**အရှုံး –အမြတ် နှိုင်းယှဉ်ချက်**

**( ကျပ်သန်း )**

| **အကြောင်းအရာ** | **၂၀၁၅–၂၀၁၆** | **၂၀၁၆–၂၀၁၇** | **တိုးတက်မှုရာခိုင်နှုန်း** |
|---|---|---|---|
| **ရငွေ** | | | |
| အတိုးရငွေ | ၁၈,၈၄၂. ၆၀ | ၁၉,၈၂၇. ၅၅ | ၅. ၂၃ |
| အခြားရငွေ | ၃,၈၀၃. ၅၉ | ၄,၀၇၅. ၉၉ | ၇. ၁၆ |
| **ရငွေစုစုပေါင်း** | **၂၂,၆၄၆. ၁၉** | **၂၃,၉၀၃. ၅၄** | **၅. ၅၅** |
| **အသုံးစရိတ်** | | | |
| အတိုးစရိတ် | ၁၁,၇၈၀. ၂၃ | ၁၂,၈၇၈. ၁၀ | ၉. ၃၂ |
| လုပ်ငန်းကုန်ကျစရိတ် | ၂,၃၁၆. ၆၂ | ၂,၃၉၂. ၄၆ | ၃. ၂၇ |
| **အသုံးစရိတ်စုစုပေါင်း** | **၁၄,၀၉၆. ၈၅** | **၁၅,၂၇၀. ၅၆** | **၈. ၃၃** |
| **အခွန်မနုတ်မီအမြတ်** | **၈,၅၄၉. ၃၄** | **၈,၆၃၂. ၉၈** | **၀. ၉၈** |

## ၂၀၁၆–၂၀၁၇ဘဏ္ဍာရေးနှစ်အမြတ်များကိုခွဲဝေလျာထားခြင်း

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်အခွန်မနှုတ်မီအသားတင်အမြတ်မှာ **ကျပ်၈,၆၃၂. ၉၈သန်း**ရရှိခဲ့ပြီး အမြတ်များကိုအောက်ပါအတိုင်းခွဲဝေလျာထားခဲ့ပါသည်။

| | |
|---|---|
| ၁။ နိုင်ငံတော်သို့ အမြတ်ခွန် | ကျပ် ၂,၁၅၈. ၁၉သန်း |
| ၂။ အထွေထွေသီးသန့်ရန်ပုံငွေ | ကျပ် ၁,၆၁၈. ၆၅သန်း |
| ၃။ ကြွေးဆုံးနှင့်အခြားပယ်ဖျက်မှုရန်ပုံငွေ | ကျပ် ၂၉၆. ၉၀သန်း |
| ၄။ မခွဲဝေရသေးသည့်အမြတ်ဝေစုစာရင်း | ကျပ် ၄,၅၅၉. ၂၄သန်း |
| **စုစုပေါင်း** | **ကျပ် ၈၆၃၂. ၉၈သန်း** |

## ၂၀၁၆–၂၀၁၇ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအချိုးများ

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်နှင့်၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက်ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်ကို ဇယား( ၉ )တွင်ဖော်ပြထားပါသည်။

**ဇယား –၉–**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | **၂၀၁၅–၂၀၁၆** | **၂၀၁၆–၂၀၁၇** |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၂၉. ၂၃% | ၂၈. ၆၁% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး | ၆၀. ၁၁% | ၆၄. ၂၄% |
| ၃။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁. ၃၃ း ၁ | ၁. ၃၃ း ၁ |
| ၄။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| အခွန်မနှုတ်မီ | ၃၆. ၁၃% | ၃၄. ၉၂% |
| အခွန်နှုတ်ပြီး | ၂၇. ၁၀% | ၂၆. ၁၉% |
| ၅။ **အစုရှင်များ၏ခံစားခွင့်အချိုး** | **၂. ၂၀ း ၁** | **၂. ၃၃ း ၁** |

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ကုန်(၃၁-၃-၂၀၁၇)နေ့အထိဘဏ်မှဝယ် ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက် အဦမှာ(၄၀)ခုရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများကိုဝယ်ယူထားသည့် မူလတန်ဖိုးနှင့်အဆောက်အဦးများ ဆောက်လုပ်ပြုပြင်၊ မွမ်းမံစရိတ်အပါအဝင်စုစုပေါင်းတန်ဖိုးမှာ **ကျပ်၈,၁၇၉. ၆၄သန်း**ရှိပါသည်။ ၂၀၁၇ခုနှစ်ဇွန်လတွင် ဘဏ်ရာဖြတ်များမှ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိကာလတန်ဖိုးများကို ခန့်မှန်း တွက်ချက်ကြည့်ရာတွင် **ကျပ် ၃၃,၃၄၅. ၆၇သန်း** ရှိပါသည်။ ဘဏ်မှဝယ်ယူထားသည့် မြေနှင့်အဆောက်အဦးများ၏ မူလတန်ဖိုးနှင့် အဆောက်အဦဆောက်လုပ်ပြုပြင်စရိတ်များစုစုပေါင်းတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုးများကိုနှိုင်းယှဉ်ပါက မူလဝယ်ယူ ထားသည့် တန်ဖိုးထက်**ကျပ် ၂၅,၁၆၆. ၀၃ သန်း**ခန့်ပိုများပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ အသားတင် တိုးလာသည်တန်ဖိုး **ကျပ် ၂၅,၁၆၆. ၀၃ သန်းကိုထည့်သွင်းတွက်ချက်ပါက (၃၁-၃-၂၀၁၇)နေ့တွင်အစုရှယ်ယာ တစ်စုတန်ဖိုးမှာ ကျပ် ၃၃,၄၇၀** ရှိပါသည်။

### မြေနှင့်အဆောက်အဦထပ်မံဝယ်ယူခြင်း

ချင်းပြည်နယ်၊မင်းတပ်မြို့ အနောက်ရပ်ကွက်၊မင်းတပ်-မတူပီလမ်းမကြီး၊အိမ်အမှတ် (န-၂၁၆)၊၂၀၁၆ခုနှစ် မြေစာရင်းမြေပုံအရ အကွက်အမှတ် ၁-အနောက်၊ဦးပိုင်အမှတ်(၁၈၉)၊မြေကွက်အမှတ်(၁၄၈)ဧရိယာ(၀. ၁၈၂)ဧကရှိ ဂရန်မြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသောနှစ်ထပ်သွပ်မိုး ပျဉ်ကာနေအိမ်တစ်လုံးကိုတန်ဖိုးငွေ**ကျပ်(၈၅၀)သိန်း** ဖြင့်ဝယ်ယူရန်(၂၈-၆-၂၀၁၇)နေ့တွင်စရံငွေပေးချေခဲ့ပြီးဖြစ်ပါသည်။

## ဘဏ်ခွဲအသစ်များထပ်မံဖွင့်လှစ်ခဲ့ခြင်း

### ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့

(၁-၅-၂၀၁၆)နေ့ကဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ပုသိမ်မြို့ ၊ရ. ယ. က(၅)ရပ်၊အကွက်အမှတ်(၄၃)၊ တံတားကြီးတန်းတွင်**ပုသိမ်ဘဏ်ခွဲအမှတ်(၂၈)**ကိုဖွင့်လှစ်ခဲ့ပါသည်။

### ချင်းပြည်နယ်၊တီးတိန်မြို့

(၂၉-၁၂-၂၀၁၆ )နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့ လွယ်ဘွာလ်းရပ်၊ကမ်းဟောက်လမ်း၊ မြေကွက်အမှတ်( ၁၈ )တွင်**တီးတိန်ဘဏ်ခွဲအမှတ်(၃၀)**ကိုဖွင့်လှစ်ခဲ့ပါသည်။

### ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့

(၁၇-၆-၂၀၁၇ )နေ့တွင်ကချင်ပြည်နယ် ၊မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားမြို့ အကွက်အမှတ်(၂၁) ၊မြို့သစ်အနောက် ဦးပိုင်အမှတ်(၁၅၈) အိမ်အမှတ်(၁၆၉)ရွှေတောင်လမ်းတွင်**မြစ်ကြီးနားဘဏ်ခွဲအမှတ်(၃၂)**ကိုဖွင့်လှစ်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်(၃၀-၆-၂၀၁၇)နေ့ထိ ရန်ကုန်ရုံးချုပ် နှင့်နေပြည်တော်ရုံးချုပ် အပါအဝင် **ဘဏ်ခွဲကြီး(၃၂)ဘဏ်နှင့်ဘဏ်ခွဲငယ်(၂)ဘဏ်** ကိုဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

## ဘဏ်ခွဲအသစ်များထပ်မံဖွင့်လှစ်ရန်စီစဉ်ထားခြင်း

### ဧရာဝတီတိုင်းဒေသကြီး၊မအူပင်မြို့

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊မအူပင်မြို့၊အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် (၇ အမ်-၁)အလယ်ပိုင်း ရပ်ကွက်၊ဦးပိုင်အမှတ်(၂၉)တွင်မအူပင်ဘဏ်ခွဲဖွင့်လှစ်နိုင်ရန်အတွက်အဆောက်အဦအသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။ ၂၀၁၇ခုနှစ်စက်တင်ဘာလတွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

### ကရင်ပြည်နယ်၊မြဝတီမြို့

ကရင်ပြည်နယ်၊မြဝတီမြို့၊အမှတ်(၄) ရပ်ကွက်၊ရွှေမင်းဝန်တောင်ရပ်၊ဘုရင့်နောင်လမ်း၊သောင်ရင်းခန်မအနီး အမှတ်(၇)တွင်မြဝတီဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အဆောက်အဦကိုပြင်ဆင်ပြီးစီးပြီဖြစ်ပါသည်။၂၀၁၇ခုနှစ်အောက်တိုဘာလ တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

### မကွေးတိုင်းဒေသကြီး၊မြိုင်မြို့

မကွေးတိုင်းဒေသကြီး ၊မြိုင်မြို့အမှတ်(၂)ရပ်ကွက်၊၁၇ပင်စိမ်းခင်း-၁လမ်း၊ဦးပိုင်အမှတ်(၂/၆၇)မြေပေါ်တွင် မြိုင်ဘဏ်ခွဲကိုဖွင့်လှစ်နိုင်ရန်အတွက်အဆောက်အဦအသစ်ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ပါသည်။၂၀၁၇ခုနှစ်ဒီဇင် ဘာလတွင်ဖွင့်လှစ်ရန်စီစဉ်ထားပါသည်။

## ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ

ပထမပုဂ္ဂလိကဘဏ်၏သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၁)အရ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအပါအဝင်(၁၅)ဦးထက်မနည်း (၂၁)ဦးထက်မများစေရ ဟုသတ်မှတ်ထား၍ဒါရိုက်တာအဖွဲ့ကိုဒါရိုက်တာအဖွဲ့ဝင်(၁၇)ဦးဖြင့်ဖွဲ့စည်းထားပါသည်။ ၂၀၁၆ခုနှစ်နိုဝင်ဘာလ(၂၀)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် (၂၅) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး တွင် အလှည့်ကျဒါရိုက်တာ(၆)ဦး နှုတ်ထွက်ပေးခဲ့ပါသည်။နှုတ်ထွက်သည့်ဒါရိုက်တာ(၆)ဦးတွင် ဒါရိုက်တာ(၄)ဦးမှ ပြန်လည်အရွေးခံခဲ့ပါသည်။(၂၅) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်ဒါရိုက်တာအဟောင်း(၄)ဦး- (၁)ဦးမြင့်လွင်(၂)ဦးထွန်းဆိုင်(၃)ဦးနေလင်းဦး(၄)ဦးထင်အောင်ကျော်ဦးနှင့် သီးခြားလွတ်လပ်သည့်ဒါရိုက်တာအသစ် (တစ်)ဦး ဒေါက်တာတင်ဝင်း စုစုပေါင်း(၅)ဦး ပြန်လည်အရွေးချယ်ခံရပါသည်။

(၂၀-၁၁-၂၀၁၆)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၁၆ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဒေါက်တာစိန်မောင်အားတင်မြှောက်ခဲ့ပြီး၊ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးအဖြစ်ဒေါ်လှလှဝင်းနှင့် တွဲဘက် အတွင်းရေးမှူးအဖြစ် ဦးမြင့်ဇော်တို့အား တာဝန်ပေးအပ်ကြပါသည်။ဒါရိုက်တာအဖွဲ့ဝင်များအားလုံးပါဝင်သောချေးငွေ ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ သီးခြားလွတ်လပ်သည့်ဒါရိုက်တာ(၂)ဦးခန့်ထားရန် လိုအပ်သောကြောင့် ၁/၂၀၁၇ ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ဦးကပ်ခင်းပေါင်(ခ)ဦးကပ်နိုးအား သီးခြား လွတ်လပ်သည့် ဒါရိုက်တာအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်ရရှိခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့ကို (၁)ဒေါက်တာစိန်မောင် (၂)ဒေါ်လှလှဝင်း (၃)ဦးမြင့်ဇော် (၄)ဒေါက်တာအောင်မင်း (၅) ဒေါက်တာတင်သိန်း (၆)ဒေါက်တာတင်ကြည် (၇)ဦးမျိုးထွန်း (၈)ဦးကောင်း (၉)ဦးဟန်မြင့် (၁၀)ဦးဖြိုးလှဝေ (၁၁)ဒေါ်လှလှရီ (၁၂)ဦးမြင့်လွင် (၁၃)ဦးထွန်းဆိုင် (၁၄)ဦးနေလင်းဦး (၁၅)ဦးထင်အောင်ကျော်ဦး (၁၆)ဒေါက်တာတင်ဝင်း (သီးခြားလွတ်လပ်သည့်ဒါရိုက်တာ) (၁၇)ဦးကပ်ခင်းပေါင်(ခ)ဦးကပ်နိုး(သီးခြားလွတ်လပ်သည့်ဒါရိုက်တာ)တို့ဖြင့် ဖွဲ့စည်းထားပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ဒါရိုက်တာအဖွဲ့ ပုံမှန်လပတ်အစည်းအဝေး(၁၂)ကြိမ်၊ အထူးအစည်းအဝေး (၁)ကြိမ်နှင့် ဒါရိုက်တာအဖွဲ့ ချေးငွေကော်မတီအစည်းအဝေးကို (၄၉ )ကြိမ်ကျင်းပခဲ့ပါသည်။

## ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ ဆောင်ရွက်ချက်များ

ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဘဏ်များအသင်းတွင် ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဦးဆောင်ပါဝင်ဆောင်ရွက်လျှက်ရှိပြီး ဘဏ်သင်တန်းကျောင်းတွင်ဥက္ကဋ္ဌအဖြစ်ဘဏ်သင်တန်းများကိုကြီးကြပ်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံဘဏ်များ အသင်း၏တာဝန်ပေးချက်အရအာဆီယံဘဏ်များအသင်း၏ အမြဲတန်းကော်မတီတစ်ခုဖြစ်သောငွေရေးကြေးရေးရင်းနှီး မြှုပ်နှံရေးနှင့်ကုန်သွယ်ရေးကော်မတီ(Permanent Committee on Finance, Investment and Trade)တွင် မြန်မာနိုင်ငံဘဏ်များအသင်းကိုယ်စားအမြဲတန်းအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျှက်ရှိပါသည်။

ဥက္ကဋ္ဌသည် ၂၀၁၆ခုနှစ်နိုဝင်ဘာလ(၂၇-၃၀)ရက်နေ့ Thai နိုင်ငံ Bangkok တွင်ကျင်းပသည့် 21st ASEAN Banking Confrence & 46th ASEAN Banking Council Meeting ကို တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၂၀၁၇ခုနှစ်ဧပြီလ(၆)နေ့ Philippines နိုင်ငံ Cebu တွင်ကျင်းပသည့် ASEAN Central Bank Governors -Financial Institutions CEO Dialogue သို့ Philippines Governor ၏ဖိတ်ကြားချက်အရ တက်ရောက်ပြီးပါဝင်ဆွေး နွေးခဲ့ပါသည်။

ဥက္ကဋ္ဌသည်ပြည်တွင်းဘဏ်လုပ်ငန်း နှင့်ပတ်သက်သည့် အစည်းအဝေးများ၊ Seminar များ၊ Work shop များတွင် တက်ကြွစွာပါဝင်ဆွေးနွေးခြင်း၊စာတမ်းများပြုစုတင်ပြခြင်းနှင့်နိုင်ငံတော်အဖွဲ့အစည်းများ IMF,World Bank,ADB စသည့်နိုင်ငံခြားဘဏ်များ၊နိုင်ငံခြားအဖွဲ့အစည်းများ နှင့်တွေ့ဆုံပြီးမြန်မာနိုင်ငံငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ဆွေးနွေးခြင်းများဆောင်ရွက်လျှက်ရှိပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့သည်(၄-၅-၂၀၁၇)နေ့တွင်ဘုတလင်ဘဏ်ခွဲ၊ (၅-၅-၂၀၁၇)နေ့တွင်မုံရွာဘဏ်ခွဲ (၆-၅-၂၀၁၇)နေ့တွင်မန္တလေးမြို့တို့တွင်အစုရှယ်ယာရှင်များ ဘဏ်နှင့်ဆက်သွယ်သူများနှင့်တွေ့ဆုံပြီး ရန်ကုန်စတော့ အိတ်ချိန်း(YSX)တွင်အစုရှယ်ယာများအရောင်းအဝယ်ပြုလုပ်သည့်အခြေအနေနှင့်၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အရှုံး- အမြတ်အခြေအနေနှင့်ဘဏ်၏လက်ရှိတိုးတက်မှုအခြေအနေများကိုတင်ပြခဲ့ပါသည်။

(၁၉-၆-၂၀၁၇)နေ့တွင်ဘဏ်နှင့်မြန်မာ့ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ( MSEC)တို့ပူးပေါင်းပြီးရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်( Capital Market Development in Myanmar)ခေါင်းစဉ် ဖြင့် Panel Discussion တွင်ဥက္ကဋ္ဌမှပါဝင်ဆွေးနွေးခဲ့ပါသည်။ဥက္ကဋ္ဌမှ Performance Record of FIRST PRIVATE BANKLTD,(1992-2017)ခေါင်းစဉ်ဖြင့်ပထမပုဂ္ဂလိကဘဏ်အကြောင်းသိကောင်းစရာများကိုအစုရှင်များ၊ဘဏ်နှင့် ဆက်သွယ်သူများကိုရှင်းလင်းတင်ပြခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်နှင့်ရည်မှန်းချက်များ

ဒါရိုက်တာအဖွဲ့မှရှေ့လုပ်ငန်းစဉ်များကိုချမှတ်ရာတွင်အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင်တစ်ဖက်တစ်လမ်းမှအထောက်အကူပြုရင်းအစုရှင်များ၊ဘဏ်ဖောက်သည်များနှင့်ဝန်ထမ်းများ၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်ရန် နှင့်ဘဏ်ကိုယခုထက်ပိုမိုကျစ်လစ်ခိုင်မာလာစေရန် ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

**ရန်ကုန်စတော့အိတ်ချိန်းတွင်စာရင်းဝင်ခြင်း ။** ။ပထမပုဂ္ဂလိကဘဏ်လီမိတက်၏(၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့်(၂၄)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖွဲ့မှအစုရှယ်ယာရှင်များအကျိုးအမြတ်ရရှိစေရန်နှင့်ငွေလိုလျှင်ငွေဖော်နိုင်ရန်၊ရန်ကုန်စတော့အိတ်ချိန်းအောင်မြင်ရန်တစ်ဖက်တစ်လမ်းမှပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ရန်ကုန်စတော့အိတ်ချိန်းတွင်မှတ်ပုံတင်စာရင်းဝင်ပြီး(၂၀-၁-၂၀၁၇)နေ့မှစ၍ဘဏ်အစုရှယ်ယာများကိုအရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။

**ဘဏ်ခွဲအသစ်များတိုးချဲ့ဖွင့်လှစ်ရေး။** ။ဒါရိုက်တာအဖွဲ့မှချမှတ်ထားသည့်မူအတိုင်း တိုင်းနှင့်ပြည်နယ်မြို့ကြီးများအားလုံးနှင့်စီးပွားရေးအချက်အခြာကျသောမြို့များတွင်ဘဏ်ခွဲများထပ်မံဖွင့်လှစ်နိုင်ရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဆင်းရဲမွဲတေမှုလျော့နည်းလာရေးအတွက် ကျေးလက်ဒေသများတွင် ဝင်ငွေနည်းသူများအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်ခွဲများကိုလည်းဖွင့်လှစ်ပေးလျှက်ရှိပါသည်။

**ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုနှင့်ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး။** ။ဘဏ်လုပ်ငန်းခေတ်မီတိုးတက်ရန်အတွက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အဓိကကျသည့်အချက်ဖြစ်သည့် ဘဏ်နှင့်ဆက်သွယ်သူများကိုအကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဝန်ထမ်းများ၏လုပ်ငန်းကျွမ်းကျင်မှုနှင့်ဝန်ဆောင်မှုအရည်အသွေးပိုမိုကောင်းမွန်အောင်လေ့ကျင့်သင်ကြားပေးခြင်းဖြင့်အစဉ်တစ်စိုက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

အထူးဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ကို ဝန်ဆောင်မှုတိုးမြင့်ရေးနှစ် (Service Improvement Year)အဖြစ်သတ်မှတ်ပြီးဝန်ဆောင်မှုအရည်အသွေးပိုမိုကောင်းမွန်အောင်ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ကြီးကြပ်ရေးကော်မတီများနှင့်စီမံခန့်ခွဲရေးအဖွဲ့မှဆောင်ရွက်လျှက်ရှိပါသည်။

**ဘဏ်စနစ်ခေတ်မီတိုးတက်ရေး။** ။ဘဏ်လုပ်ငန်းကိုကမ္ဘာ့အဆင့်မီကွန်ပျူတာနည်းပညာများကိုအသုံးပြုပြီးအင်တာနက်နှင့်ချိတ်ဆက်၍ Core Banking စနစ်ဖြင့် Mobile wallet နှင့် Credit Card /Debit Card များကိုအသုံးပြု၍ခေတ်မီဘဏ်ဝန်ဆောင်မှုများကိုပေးနိုင်ရန်Core Banking Solution ကိုMISYS Financial Software ဖြင့်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။Mobile Bankingနှင့်Internet Bankingတို့ကိုလည်းအစီအစဉ်ချမှတ်၍တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။Mobile Payment (My Kyat) ကိုမြန်မာစာတိုက်လုပ်ငန်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိရာမကြာမီတိုင်းနှင့်ပြည်နယ်(၁၅)ခုတွင်ရှိမြို့နယ်ပေါင်း(၇၀၈)တွင်Mobile Payment (My Kyat) ဝန်ဆောင်မှုပေးနိုင်တော့မည်ဖြစ်ပါသည်။

ပြည်တွင်း ပြည်ပမှ ပထမပုဂ္ဂလိကဘဏ်အကြောင်းကိုကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင်ရန်အတွက်ရန်ကုန်စတော့အိတ်ချိန်းဝက်ပ်ဆိုက်(web site) htts://ysx-mm.com တွင်ဘဏ်၏အလားအလာ ညွှန်းတမ်းနှင့်ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများကိုတင်ထားပါသည်။ပထမပုဂ္ဂလိကဘဏ်ဝက်ပ်ဆိုက်(web site) "www.fpbbankmyanmar.com" "www.fpb.com.mm" "www.firstprivatebank.com.mm"နှင့် Internet face book စာမျက်နှာတွင် "First Private Bank" အမည်ဖြင့်တင်ထားပါသည်။

**နိဂုံး။** ။ ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏စည်းစနစ်ကျစွာစီမံခန့်ခွဲ ဦးဆောင်မှု၊ နယ်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၏တာဝန်ယူကြီးကြပ်မှု၊ ဝန်ထမ်းများ၏ကြိုးစားဆောင်ရွက်မှုနှင့် အစုရှင်များ၏ဝိုင်းဝန်းပံ့ပိုးကူညီမှု ၊ဘဏ်ဖောက်သည်များ၏အစဉ်တစိုက်အားပေးမှုတို့ကြောင့်ပထမပုဂ္ဂလိကဘဏ်၏ဂုဏ်သတင်းမှာ ပြန့်နှံ့လျှက်ရှိပြီးအများပြည်သူ၏ယုံကြည်မှုကိုခိုင်မာစွာတည်ဆောက်နိုင်ခဲ့ပါသည်။သို့ရာတွင်လက်ရှိတိုးတက်မှုဖြင့်ရောင့်ရဲ တင်းတိမ်မနေဘဲ ယခုထက်ပို၍တိုးတက်လာစေရန်ဆောင်ရွက်သွားရပါမည်။အထူးသဖြင့်ရန်ကုန်စတော့အိတ်ချိန်းတွင်ပထမပုဂ္ဂလိကဘဏ်၏ရှယ်ယာတန်ဖိုးများ

မကျဆင်းသွားစေရန်အတွက်ဘဏ်လုပ်ငန်းကိုယခုထက်ပိုမိုအောင်မြင် တိုးတက်စေရန်ကြိုးစားဆောင်ရွက်ကြရပါမည်။ အစုရှယ်ယာဈေးနှုန်းများမကျဆင်းစေရန်အစုရှင်များအားလုံးမှလည်းတာဝန်ရှိစွာဖြင့်ဝိုင်းဝန်းကူညီပေးကြပါရန်အလေး အနက်တိုက်တွန်းအပ်ပါသည်။အစုရှင်များမှလတ်တလောအမြတ်အနည်းငယ်ရရှိ၍ရောင်းချခြင်းထက်ရေရှည်မိမိတို့၏ အကျိုးကိုရှေ့ရှုပြီးရင်းနှီးမြှုပ်နှံထားကြရန်နှင့်ရှယ်ယာများရောင်းချရာတွင်အမှန်တန်ဖိုးကိုထိုက်ထိုက်တန်တန်ရရှိစေရန် အတွက် Market Price ဖြင့်မရောင်းချဘဲ Limited Priceအဖြင့်သာရောင်းချရန်ထပ်မံတိုက်တွန်းအပ်ပါသည်။

သို့ပါ၍ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ ဘဏ်ဝန်ထမ်းများသည်ဆထက် ထမ်းပိုးတိုး၍အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်ရပါမည်။ဘဏ်ရေရှည်အကျိုးအတွက်တက်ကြွစွာပါဝင်လှုပ်ရှားမည့် အရည်အချင်းပြည့်ဝသောဒါရိုက်တာများ၊ကျွမ်းကျင်မှုပြည့်ဝသောဝန်ထမ်းများကိုရှာဖွေစုဆောင်းရန်လိုအပ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်ကြီးအောင်မြင်အောင်ပံ့ပိုးပေးကြသောဒါရိုက်တာအဖွဲ့ဝင်များ၊ဂုဏ်ထူးဆောင်အကြံပေးများ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၊အစုရှယ်ယာရှင်များ၊ဘဏ်နှင့်ဆက်သွယ်သူများနှင့်ဘဏ်ဝန်ထမ်းများအားလုံး ကိုအထူးကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင်အပ်ပါသည်။

(ဒါရိုက်တာ)
(ဥက္ကဋ္ဌ)

(ဒါရိုက်တာ)

(ဒါရိုက်တာ)